Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | သတင်းအချက်အလက်စာရင်းပြုစုမှုလက်ထောက် |
| အရေအတွက် | : | (၂) ဦး |
| အစီရင်ခံတင်ပြမှု | : | စီမံချက်အရာရှိ |
| ဌာန | : | ကျန်းမာရေးဌာန |
| စီမံကိန်း | : | ရပ်ရွာလူထုအားလုံးပါဝင်သော ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ကျေးရွာများတည်ဆောက်ခြင်းစီမံကိန်း |
| တာဝန်ကျရာနေရာ | : | တန့်ယန်းနှင့်နမ့်ဆန် |
| Grade | : | C1 |
| အကျိုးခံစားခွင့်များ | : | လစာ + နေထိုင်စရိတ် + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ + လုပ်ငန်းတွင်းသင်တန်းများ + ခရီးသွားစရိတ် + ရှောင်တခင်ခွင့် + ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၂၃.၀၅.၂၀၂၀၊ (၁၆:၃၀)နာရီ** |

**စီမံကိန်း**သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှချမှတ်ထားသော မဟာဗျူဟာ ၂၀၂၀ နှင့်ချိန်ညှိ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမှတ်ထားသော မဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၂၀ အား အခြေပြုပါသည်။ စီမံကိန်း၏မျှော်မှန်းချက်မှာ အရေးပေါ်အခြေအနေ ပြည်သူ့ကျန်းမာရေးနှင့်သဘာဝဘေးအန္တရာယ်များ၏ အကျိုးရလာဒ်များဖြစ်သည့် ဦးစားပေးကူးစက် ရောဂါများနှင့်ပတ်သက်ဆက်နွယ်သည့် ရောဂါဖြစ်ပွားနှုန်း၊ သေဆုံးနှုန်းများ လျော့ကျလာစေရန် ကြက်ခြေနီအသင်းခွဲများနှင့် လူထုများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးမြင့်မားလာစေရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ပံ့ပိုးမှုဖြင့် လူထုအခြေပြု စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်စီမံကိန်းများအား

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

တာဝန်ယူဆောင်ရွက်ခဲ့ရခြင်း၏ရည်ရွယ်ချက်မှာ လတ်တလောတွင် ဖြစ်နိုင်ခြေရှိသည့်ကျန်းမာရေးနှင့် သဘာဝဘေးဆိုင်ရာထိခိုက်နိုင်ခြေရှိသည့်ပြည်သူလူထုမှကြံ့ကြံ့ခိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေရန် ဖြစ်ပါသည်။ အဓိကတာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများတွင် ထိခိုက်နိုင်ခြေမြင့်မားသည် ကျေးလက်နှင့် မြို့ပြများတွင် သဘာဝဘေးဖြစ်ပွားနိုင်ခြေလျှော့ချခြင်း၊ လိုအပ်ချက်များ ဖော်ထုတ်ထားသော နေရာဒေသများရှိလူထုများ၊ စာသင်ကျောင်းများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူထုခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၏** မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏မူဘောင်အတွင်းမှ ကြက်ခြေနီ လှုပ်ရှားမှု၏အခြေခံမူများအား လေးစားလိုက်နာခြင်းအားဖြင့် သတင်းအချက်အလက်စာရင်းပြုစုမှု လက်ထောက်သည် ဦးတည်ကျေးရွာများတွင် ချမှတ်အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာစီမံချက်အရာရှိအား အကူအညီပေးကာ ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

**တာဝန်နှင့်ဝတ္တရားများ**

**အဓိက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ**

(၁) သတင်းအချက်အလက်စာရင်းပြုစုမှုလက်ထောက် (Data Assistant)၏အဓိကတာဝန်မှာ မြို့နယ် စီမံကိန်း၏ သတင်းအချက်အလက်များ(Data)အား အချိန်နှင့်တပြေးညီရရှိနိုင်ရန်အတွက် ကွင်းဆင်းကြီးကြပ်ရေးမှူး (Field Supervisor) နှင့် စီမံချက်အရာရှိအား ကူညီပေးရန် ဖြစ်သည်။

(၂) သတင်းအချက်အလက်စာရင်းပြုစုမှုလက်ထောက်သည် ကွင်းဆင်းကြီးကြပ်ရေးမှူး (Field Supervisor)ထံမှ ရရှိသော ကျေးရွာလစဉ်အစီရင်ခံစာများမှ သတင်းအချက်အလက်များအား သေချာစွာစီစစ်ပြီး ကွန်ပျူတာတွင် ပုံမှန်စာရင်းသွင်းထားရမည်။

(၃) သတင်းအချက်အလက်စာရင်းပြုစုမှုလက်ထောက်သည် သတင်းအချက်အလက်များ စာရင်းသွင်းမှု အပေါ် မှန်ကန်မှုရှိရန် တာဝန်ယူနိုင်ရမည်။

(၄) လစဉ်ရရှိသောသတင်းအချက်အလက်များအား ပေါင်းစည်းထားရမည်။(သုံးလ၊ခြောက်လ၊ တစ်နှစ်)

(၅) စာရင်းသွင်းပြီး သတင်းအချက်အလက်များအား စီမံချက်အရာရှိထံသို့ သတ်မှတ်ထားသောအချိန်မီ တင်ပြရမည်။

(၆) စီမံချက်အရာရှိမှ လစဉ်အစီအရင်ခံစာများ အချိန်မီပေးပို့နိုင်ရန် ကူညီပေးရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

(၇) စီမံချက်ကျေးရွာမှ အခြေခံသတင်းအချက်အလက်များအား နှစ်အလိုက် Data သွင်းယူထားရမည်။

(၈) ကျေးရွာမှ လစဉ်အစီရင်ခံစာများတွင်ပါရှိသော သတင်းအချက်အလက်များအား သေချာစွာစီစစ်သုံးသပ်ပြီး အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များအား ကျေးရွာကျန်းမာရေးကော်မတီနှင့် ကွင်းဆင်းကြီးကြပ်ရေးမှူးသို့ လစဉ်(Feedback)ပေးရမည်။

(၉) စီမံကိန်းဝင်ကျေးရွာများ၏ အခြေခံသတင်းအချက်အလက်များအား ပုံမှန်စာရင်းသွင်းထားပြီး ကွင်းဆင်းကြီးကြပ်ရေးမှူးများ လိုအပ်ပါက ချက်ချင်းပေးနိုင်ရန် ဆောင်ရွက်ထားရမည်။

(၁၀) ကျေးရွာများတွင်ဖြန့်ဝေသော ပစ္စည်းစာရင်းအား ကျေးရွာအလိုက်ပုံမှန်စာရင်းသွင်းထားရမည်။

(၁၁) လိုအပ်မည်ဆိုပါက ကျေးရွာများသို့လိုက်ပါ၍ သတင်းအချက်အလက်များ ကောက်ယူပေးရမည်။

(၁၂) စီမံချက်အရာရှိမှပေးအပ်သောတာဝန်များအား ကျေပြွန်စွာဆောင်ရွက်ပေးရမည်။

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- **အသက် ၄၅ နှစ်အောက်ဖြစ်ရမည်။**
- တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူဖြစ်ရမည်။
- လူထုအခြေပြုလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်သူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။
- စီမံချက်လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေးသားပြောဆိုတတ်သူကို ဦးစားပေးမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်ဆောင်ရွက်ဖူးသူကို ဦးစားပေးမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်စွာနှင့်လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သူဖြစ်ရမည်၊ယာဉ်မောင်းလိုင်စင်ရှိရမည်။
- မြန်မာစာအား ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာအကြောင်းကြားမည်ဖြစ်ပါသည်**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"